# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# တန့်ဆည်မြို့နယ်

အကြောင်းအရာ။ (၂၀၁၇-၂၀၁၈) ခုဘဏ္ဍာရေးနှစ်၊
သစ်တော်ပေါက်(မ)ကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာအုပ်

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ဖေဖော်ဝါရီလ (၂၈) ရက်

# သစ်တော်ပေါက်ကျေးရွာ
# တန့်ဆည်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၇ – ၂၀၁၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သစ်တော်ပေါက်ကျေးရွာ၊တန့်ဆည်မြို့နယ်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ

# မာတိကာ


မာတိကာ ၂

စကားချီး ၆

သစ်တော်ပေါက်(မ)ကျေးရွာအရင်းအမြစ်မြေပုံ၊တနင်္သာရီတိုင်းဒေသကြီး (ကိုယ့်) ဆည်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် အစီအစဉ်** ၈

**၁။ နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် အစီအစဉ်** ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၀

(က) လူမှုရေးဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေနှင့် – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည့်သူလုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှု

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၁၈

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ** ၁၉

**၈။ ဦးစားပေးစီမံချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ** ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေပြုခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကော်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ** ၂၅

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်ပုံငွေနှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၈

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ(၁) စီမံကိန်း ဇယားများ** ၃၀

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား(၁) လူဦးရေနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင်းအများဆုံး လုပ်အားခနှုန်းထား

**သဘာဝအရင်းအမြစ်**

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စခနေအဆင့် အခြေအနေ

ဇယား(၇) ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၈) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံနိုင်သည့်အုပ်စု

**(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း
ဇယား(၂၆) ရွှေ့ပြောင်းသွားလာသူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

**ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

**ပညာရေး**

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား(၃၁) ကျောင်းအပ်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

**ကျန်းမာရေးနှင့် အာဟာရ**

ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လ အတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှု

**ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား – မ ရေးရာ

**ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ**

ဇယား(၄၀) ကျေးရွာ၏ လမ်း တည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

**ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

**လျှပ်စစ်မီးရရှိမှု**

ဇယား(၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

**ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား(၄၅) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

**ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး**

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

**မှုခင်းဖြစ်ပွားမှု**

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၃

**ကိုးကားစာရင်း** ၇၀

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၁

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာအုပ်သည်၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုသော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်နေမှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဖေဖော်ဝါရီ လ ၊၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သစ်တော်ပေါက်(မ)ကျေးရွာ၊တန့်ဆည်မြို့နယ်

**တန့်ဆည်မြို့နယ်၊သစ်တော်ပေါက်အုပ်စု၊သစ်တော်ပေါက်(မ)ကျေးရွာ၊ ကျေးရွာနှင့်သယံဇာတပြမြေပုံ**

ရက်စွဲ၊ ၂၉.၁၂.၂၀၁၇



ရာသီခွင်ပြ ပြက္ခဒိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ သစ်တော်ပေါက်အုပ်စု၊ သစ်တော်ပေါက်(မ)ကျေးရွာ

ရက်စွဲ၊ ၂၉.၁၂.၂၀၁၇



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလာအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့အပြင် ဦးစားပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### (ခ)နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့များအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုသေတနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါသည်။

**(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် အုပ်ချုပ်ရေးမှူးရုံးစိုက်ရာတနင်္သာရီမြို့၏ အနောက်မြောက်ရပ်တွင် တည်ရှိပြီး စီတုံးလုံးချောင်းခြားမှုကြောင့် မိုးရာသီတွင် သွားလာရခက်ခဲ လျက်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်သောကြောင့် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မဖဂမှစဂဝန်းကျင်တွင် ရှိပြီး မိုးခေါင်ရေရှားသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် မူးနှင့်နီးသော်လည်း မူးအထက်ဖြစ်သောကြောင့် စိုက်ပျိုးရေမရရှိပဲ မိုးရေကိုသာ အားထားစိုက်ပျိုးကြရပြီး လယ်ယာမြေများသည်စပါး၊ မြေပဲစိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်း ကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအမျိုးအစားမှာ သဲဆန်သောမြေဖြစ်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။

## ၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတတ်ရေးအခြေအနေ

## (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၄၂၀)စု နှင့် ကျား(၉၈၁)၊မ(၉၄၂)ဦးဖြင့် လူဦးရေပေါင်း(၁၈၃၃)ဦး ရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄.၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း၅ဦး ထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း(၈၀%) ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၂.၇ % မျှပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၃%သည်မပြေလည်သောအိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး ၃၄%သည် အဆင်ပြေသောသည့်အိမ်ထောင်စုအဆင့်နှင့် ၄၃%သည် အလယ်အလတ်အဆင့်ရှိသောအိမ်ထောင်စုဟူ၍(၃)မျိုးသာသတ်မှတ်ကြသည်။ ကျေးရွာသည် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများ အနည်းငယ်ပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာ၏စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ လယ်မြေမရှိ ချမ်းသာသောအိမ်ထောင်စုများတွင် မော်တော်ယာဉ်နှင့် အခြားစီးပွားရေးလုပ်ငန်းများရှိပြီး လယ်ယာမြေရှိချမ်းသာသောအိမ်ထောင်စုများတွင် လက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်နှင့် ဆီစက်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။စိုက်ပျိုးရေးအတွက် ချေးငွေယူရသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းရှိသော အိမ်ထောင်စုအချို့သည်လည်း ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေကြသည်။

ယင်းတို့အနက် အဆင်မပြေသောအိမ်ထောင်စုအဆင့်သည် ကျေးရွာတွင် မြေယာအနည်းငယ်ပိုင်သောလက်သမား၊ပန်းရံ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများလည်းပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၅၃)ဦးရှိသော်လည်း ရာသီအလိုက် လယ်ယာ(စပါး၊မြေပဲ)လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အကြော်ကြော်ခြင်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ ဆီစက်နှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှအဆင်မပြေသောအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော (၂၈)စုကို လေ့လာဆန်းစစ်ရတွင် ၎င်းတို့၏ဝမ်းစာဖူလုံမှုမှာ ဆန်၊စပါးစိုက်ပျိုးသောဒေသဖြစ်ခြင်းကြောင့်အဓိကအစားအစာအဖြစ်စားသုံးသော

ဆန်အစား အခြားပြောင်းလဲစားခြင်း၊လျှော့စားခြင်း၊အစားအစားအတွက်အထောက်အပံ့ယူခြင်း၊ချေးယူခြင်း၊ လုပ်အားခကြိုယူပြီး သုံးစွဲရန် မလိုအပ်ကြောင်းတွေ့ရှိရပါသည်။

အိမ်ထောင်စုအားလုံး၏ ၅.၈% ခန့်သည် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသော်လည်း ထိခိုက်လွယ်သည့် အိမ်ထောင်စုတွင် မပါဝင်ပါ။ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေသော အိမ်ထောက်စု(၃၆)စုနှင့် မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင် သည့်အိမ်ထောင်စု(၃၀)စုများရှိသော်လည်း ကူညီစောင့်ရှောက်မှု၊ ထိခိုက်လွယ်မှုအခြေအနေ မရှိကြောင်း တွေ့ရှိရပါသည်။

အခြားထိခိုက်လွယ်မှုအနေဖြင့် မိသားစုစောက်ရှောက်မှုမရှိသောသက်ကြီးရွယ်နှင့်ရပ်ရွာမှစောင့်ရှောက် ပေးရသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ ကျေးရွာတွင် မရှိသည်ကိုတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ပြီးခဲ့သည့်နှစ်ပိုင်း ကာလတွင် ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသူ/သားများ အနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာနှင့်(၁.၁)မိုင်သာဝေးသော အုပ်စုကျေးရွာရှိ ကျန်းမာရေး ဌာန(ခွဲ)ဆရာမမှ လာရောက်ကြည့်ရှုပြီး ကား၊ဆိုင်ကယ်ဖြင့် သွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များ နှင့် လက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်များမှ မြေအောက်ရေကိုလွယ်ကူစွာရနိုင်ကြပြီး ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊အစာအိမ်ရောင်၊သွေးလွန်တုပ်ကွေးနှင့် ဆီးချို စသောရောဂါဖြစ်ပွားမှုနည်းပါးကြောင့်တွေ့ရသည်။ အဖြစ်များသော ရောဂါအနေဖြင့် သွေးတိုးရောဂါ ဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊အလယ်တန်းကျောင်းခွဲနှင့် အနီးနားအုပ်စုကျေးရွာရှိ အထက်ကျောင်းတွင် တက်ရောက်ပညာသင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ)ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှု အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက် ထက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းတွင် အမျိုးသမီးအရေအတွက်မှာ ယောကျ်ားလေးအရေအတွက်ထက် ပိုမိုများ နေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူ ပင်ဖြစ်သည်။သို့သော်ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်နိုင်မှု တူညီသော်လည်းအမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှု တို့မှာအလွန်လျော့နည်းသော်လည်း လူမှုရေးလုပ်ငန်းများနှင့်ကုသိုလ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အားကောင်းသည်ကို တွေ့ရှိရပါသည်။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့်စီးပွားရေး ဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ ကျေးရွာတွင် ပြင်ပမှလာရောက်ဖွဲ့စည်းပေးထားသည့် အဖွဲ့အစည်းများမရှိပါ။ သုခိတာကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းမှ နာရေးကိစ္စအပါအဝင် လူမှုရေး၊ကျန်းမာရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာတွင်ငွေစုငွေချေးအသင်းကို စုစည်းတည်ထောင်ထားပြီး ရွာသူ/ရွာသားများ၏လိုအပ်ချက်ကို လည်ပတ်ဆောင်ရွက်လျှက်ရှိသည်။ ဘာသာရေးအနေဖြင့် ရွာရင်းဓမ္မစကူးအသင်းမှ ကျေးရွာရှိကလေးများ လိမ်မာရေးခြားရှိလာစေရန် ကျောင်းပိတ်ရက်များတွင်ယဉ်ကျေးလိမ်မာသင်တန်းများဖွင့်လှစ်သင်ကြားပေးလျှက်ရှိသည်။ အဖွဲ့အစည်းများ အနေဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းပြီး အချင်းချင်းရိုင်းပင်းကူညီကြသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ဟူ၍ ဖွဲ့စည်းထားခြင်းမရှိပါ။

## (ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်မြေပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ကေ(၈၈၅)ရှိပြီး သီးထပ်အဖြစ် မြေပဲ(၄၂၃)ကေ တို့ကိုစိုက်ပျိုးကြသည်။မိုးစပါးပျှမ်းမျှ အထွက်မှာတစ်ကေလျှင် (၈၀)နှုန်းနှင့် မြေပဲတစ်ကေလျှင် (၄၀)နှုန်းတို့ထွက်ရှိကြသည်။ ဆည်ရေဝင်ဒေသမဟုတ်သည့်အတွက် နွေစပါးစိုက်ပျိုးခြင်း မရှိပါ။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ မရရှိပါ။ တောင်သူအများစုသည် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တောင်သူများသည် မိုးကိုသာအားထားစိုက်ပျိုးရ သည့်အတွက် စပါးစိုက်ရာတွင် ကြဲပတ်စနစ်ကိုသာသုံးကြပြီး တစ်ခါတစ်ရန် မိုးရွာသွန်းမှုမညီမျှမှုကြောင့် သီးနှံမဖြစ်ထွန်းမှုကို ရင်ဆိုင်ကြရသည်။ မြေပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိသောကြောင့် တောင်သူများအနေဖြင့်ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၅၉%ရှိပြီးဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုအနေဖြင့် ၅%သာရှိပြီး CP ကြက်များကို လည်းမွေးမြူကြသည်။ နွားများကို စိုက်ပျိုးရေးအတွက်သာမက မိသားစုဝင်ငွေရရှိစေရန် အတွက်လည်း မွေးမြူကြပြီးဈေးကွက်တွင်ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါများအနေဖြင့် အထူးသဖြင့်ဝက်နှင့်နွားများတွင် ဝက်နားရွက်ပြာ၊ ခွာနာလျှာနာ ရောဂါများအဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့်လွှမ်းခြုံဆောင်ရွက်နိုင်မှုအားနည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့် အတားအနေဖြင့်အဆင်မပြေသော အိမ်ထောင်စုများအတွက် မွေးမြူရေးတည်ထောင်၊တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူမရနိုင်ခြင်း၊ သွင်းအားစုဖြစ်သော အစာ၊ဆေးများကိုလည်း ကျေးရွာတွင် လွယ်ကူစွာ မရရှိနိုင်ကြောင်းတွေ့ရှိရသည်။ ရွာထဲရှိငွေကြေးသူများထံမှ ချေးငှါးလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ် သည်။ကျေးရွာတွင် ငါးမွေးမြူရန် ရေမြေနေရာ အဆင်မပြေမှုကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လက်သမား၊ပန်းရံ၊ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီအလိုက်နှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှု

အနည်းအပါးမှအသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်မှုကြောင့် တွက်ခြေကိုက်မှုနည်းသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုဟာကျေးရွာ၏ လူသားအရင်းအမြစ်တိုးတက်မှုတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သာ လုပ်ငန်းများရှိသည်။အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ဝပ်လျှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတက်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာ အပ်ချုပ် ၊ စက်ပြင်စသောသင်တန်းများသို့ အခကြေးငွေကုန်ကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့်မြေဆီလွှာအရည်အသွေး ပိုမိုကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ ဗူးခွံများကို စွန့်ပစ်ရာတွင် စည်းစနစ်မကျသော်လည်း ရွာ၏ကန့်သတ်နေရာတွင် စုပုံ၍စွန့်ပစ်သောကြောင့် အမှိုက်စွန့်ပစ်မှုစနစ်တကျဖြစ်လာစေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများဖြင့် မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်းပြား(၈၀)တိုး၊ တစ်ကေ နှစ်သိန်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ကေအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင်ယခင်ကသမဝါယမအသင်းဖွဲ့စည်းပြီး ချေးငွေထုတ်ယူသုံးစွဲခဲ့သော်လည်း ယခုအချိန်တွင်ထုတ်ယူသုံးစွဲခြင်းမပြုတော့ပါ။

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကို (၂၉၆'×၁၉')သွပ်မိုး၊ အုတ်နံရံကာနှင့် သစ်သားကြမ်းခင်းကျောင်းဆောင်နှင့် အလယ်တန်းကို(၉၀'×၁၉')သွပ်မိုး၊ အုတ်နံရံကာနှင့်သစ်သားကြမ်းခင်းကျောင်းဆောင်တွင် သင်ကြားပေးလျက်ရှိပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံးမှာ ဘုန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။ မူလတန်းအောင်ချက် ရာခိုင်နှုန်းလည်းမြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံ

သည့်နှုန်းထားမှာ ကျေးရွာရှိမူလတန်းအရွယ်သည် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်း တွေ့ရှိရကာ ၎င်းကောင်းမှာမူလတန်းတွင်၉နှစ်၊ အလယ်တန်းတွင်၁၄နှစ်ထက်ကြီးသော ကျောင်းသားများ ပါရှိခြင်းကြောင့်ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂတို့လုံလောက်မှုရှိသော်လည်း ဆရာ/ဆရာမဦးရေအနေဖြင့် အစိုးရခန့်ဆရာ(၁)ဦး၊ ဆရာမ(၈)ဦးနှင့် ကျေးရွာမှခန့်ထားသောဆရာ(၂)ဦး၊ ဆရာမ(၁)တို့ရှိကြသည်။ ကျောင်းတွင်တပည့်ဆရာအချိုးသည် မူလတန်းတွင်(၁၂၈)ဦး၊ အလယ်တန်းတွင်(၁၃၅)ဦးရှိသဖြင့် ကျောင်းဆရာ/မအင်အား လုံလောက်မှုမရှိပါ။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများ အတွက် ပြဋ္ဌာန်းစာအုပ်များ နှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ အုပ်စုတာဝန်ကျဆရာမမှ နေ့စဉ်လာ ရောက်ကာ ဆေးဝါးလိုအပ်မှုနှင့်ကုသမှုများ ဆောင်ရွက်ပေးပါသည်။ သောက်သုံးရေအတွက် လက်နှိပ်တုံကင် များသုံးစွဲပြီး လုံလောက်မှုရှိသည်။ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ် ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြပြီး ယင်လုံအိမ်သာမရှိသော အိမ်ထောင်စုတစ်ချို့ရှိသော်လည်း နှစ်အိမ် တစ်အိမ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်တတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။စာသင်ကျောင်း တွင်လည်း ကျောင်းအိမ်သာစနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များ အပန်းဖြေအနားယူနိုင်မည့်နေရာအနေအထား သီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းဆောင်ရွက်လျက်ရှိပါသည်။

## (ဇ) အခြေခံအဆောက်အဦး-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၆ခုနှစ်တွင် သိန်းတစ်ထောင်ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေ ပူးပေါင်း၍ ရွာဝင်ရှိချောင်းပေါ်တွင် (၄၂'×၁၄'×၉')ရှိတံတားနှင့် (၂၀၁၇)ခုနှစ်တွင်ရွာဝင်လမ်း(၀/၃)မိုင်အား ကိုယ်ထူကိုယ်ထဆောင်ရွက်ထားရှိ ပါသည်။ကျေးရွာရှိရွာလမ်းတွင်းမှာ မြေသားလမ်းဖြစ်ပြီး Light Truckများကို အသုံးပြုမောင်းနှင်ကြသည်။

ရေလမ်းခရီးအသုံးပြုမှုမရှိပဲလမ်းပန်းဆက်သွယ်ရေးအတွက်မော်တော်ဆိုင်ကယ်(၂၉၀)စီးနှင့်စက်ဘီး(၇၇)စီး၊ Light Truck(၂)စီး၊သုံးဘီးဆိုင်ကယ်(၃)စီးနှင့် ထရက်ကား၂စီးတို့ကိုအသုံးပြုလျက်ရှိကြသည်။

ကျေးရွာရှိဘုန်းကြီးကျောင်းတွင် စာကြည့်တိုက်ရှိပြီးစာအုပ်များကိုအလှူရှင်၊ကိုယ်ထူကိုယ်ထစနစ်ဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားဘာသာအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ခြင်းကြောင့် ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

လူငယ်ပညာတတ်များရှိပြီး လူဦးရေးအားလုံး၏ ၇၇% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြ သည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီးကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ် များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ကျေးရွာ လူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း တန့်ဆည်မြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြ သည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက်ကောင်း သော အဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာမှာ ကောင်းမွန်မှုမရှိပေ။ တောင်သူများလည်း လယ်/ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာသည် တန့်ဆည်မြို့၊ရေဦးမြို့၊မုံရွာမြို့ သို့ မြေသား၊ကျောက်လမ်း၊ကတ္တရာလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပွင့်လင်းရာသီတွင် ပိုမိုကောင်းမွန်ပြီး မိုးရာသီတွင် သွားလာရေးခက်ခဲလျှက်ရှိပါသည်။ကျေးရွာတွင်

မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ဝက်နှင့်နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေးကုဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်/ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။လယ်/ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့် အောင် အားစိုက်ရပေမည်။

ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း မြေပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရယူနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်း မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးစီးပွားရေးဘဏ်ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာမားတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့အားနည်းပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေး အနေအထား ကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေး ငယ်များ၏လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက် ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင် ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာ အခြားနေ ရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများ ရရှိလာပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ် ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည်။သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေ ပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုး တက်စေမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွား ရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အလယ်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် မြေပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရယူနိုင်သော်လည်း

စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ယခင်ကဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင်၎င်းအဖွဲ့အစည်းမှာ သမဝါယမချေးငွေအား ချေးယူခြင်းမရှိတော့ပါ။

**၈။ စီမံကိန်း၊စီမံချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များသည် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်

ဆောင်ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍက/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ပညာရေး** | ၁။ ကျောင်းဝင်းအကျယ်အဝန်းအားအုတ်တံတိုင်း ခတ်ခြင်း | ၁၀၀ | ၁ | စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီကဦးစီးပြီးဆောင်ရွက် သွားမည်။ | ကျေးလက် ဦးစီး |
| **ကျေးရွာအဆောက်အအုံ** | ၂။ ကျေးလက်လမ်း၊တံတားများ အဆင့်မြင့်တင်ခြင်း၊တည်ဆောက်ခြင်း | ၈၅ | ၂ | လမ်း၊တံတားများကောင်းမွန်လာစေရန်နှစ်အလိုက် စီမံချက်များရေးဆွဲ၍ သက်ဆိုင်ရာဌာနများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကချိတ်ဆက်ဆောင် ရွက်သွားပါမည်။ | |
| **စိုက်ပျိုးရေး** | ၃။ စိုက်ပျိုးရေ ရရှိအောင်ဆောင်ရွက်ခြင်း | ၇၃ | ၃ | စိုက်ပျိုးရေရရှိစေရန်အတွက်ကေအလိုက်စက်ရေ တွင်းများတူးဖော်ပေးခြင်း၊ဆည်မြောင်းဦးစီးဌာန၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍တောင်သူလယ် သမားအဖွဲ့များမှဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |
| **မီးလင်းရေး** | ၄။ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း | ၅၉ | ၄ | လျှပ်စစ်မီးရရှိရန် မြို့နယ်လျှပ်စစ်ဦးစီးဌာန၊ ကျေး လက်ဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ကျေးရွာသူ၊ သားများမှ ပါဝင်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ | |
| **ကျေးရွာအဆောက်အအုံ** | ၅။ ကျေးရွာဖွံ့ဖြိုးရေးအဆောက်အဦး တည်ဆောက်ခြင်း | ၄၀ | ၅ | ကျေးရွာမှထည့်ဝင်ငွေ၊ လုပ်သားအင်အားနှင့် ဌာနမှ ရန်ပုံငွေတို့ပူးပေါင်းပါဝင်ခြင်းအားဖြင့် ကျေးရွာပိုင်ဓမ္မာရုံ(သို့) ဖွံ့ဖြိုးရေးအဆောက်အဦး ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ | |

| | | | |
|---|---|---|---|
| **လူမှုရေး** | ၆။ အသိအမြင်များတိုးတက်လာစေရန် စာပေဟောပြောပွဲများကျင်းပပေး ခြင်း | ၆ | လူငယ်အဖွဲ့အစည်းများဖွဲ့စည်း၍ဗဟုသုတတိုးပွား လာစေရန် စာပေ ဟောပြောပွဲနှင့် အသိပညာ မြင့်မားရေးဆွေးနွေးပွဲများကျင်းပ သွားမည်ဖြစ် ပါသည်။ |
| **စိုက်ပျိုးရေး** | ၇။ ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးနိုင်ရန် နည်းပညာများဖော်ဆောင်ပေးခြင်း | ၇ | စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာအကူအညီခြင်းနှင့် ရေအရင်းအမြစ် ရရှိရန်စက်ရေတွင်းများအားသုံးစွဲသော ဧကအလိုက်တူးဖော်ပေး ခြင်းဖြင့် စိုက်ပျိုးရေးရရှိနိုင် ခြင်းကြောင့် ဈေးကွက်ဝင်သီနှံပင်များ အား စိုက်ပျိုးခြင်းဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| **ပညာရေး** | ၈။ စာသင်ကျောင်းအဆောက်အဦးများ တိုးချဲ့တည်ဆောက်ခြင်း | ၈ | မြေဧရိယာတိုးချဲ့ဝယ်ယူခြင်းနှင့် ကျောင်းဆောင်အသစ် များတိုးချဲ့ ဆောက်လုပ်ရန်သက်ဆိုင်ရာဌာများနှင့်ပူးပေါင်းဆောင်ရွက်သွားပါ မည်။ |
| **စိုက်ပျိုးရေးလုပ်ငန်းမဟုတ်သော ဝင်ငွေရလုပ်ငန်းများ** | ၉။ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး အတွက် အသက်မွေးဝမ်း ကျောင်းသင်တန်းများဖွင့်လှစ်ပေး ခြင်း | ၉ | လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းအတတ် ပညာများသင် ကြားပို့ချပေးခြင်း၊ သင်တန်းများဖွင့် လှစ်ပေးခြင်းအားသက်ဆိုင်ရာ ဌာနများဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| **မွေးမြူရေး** | ၁၀။ တိရစ္ဆာန်များမွေးမြူရန် နည်းပညာများပေးခြင်း၊ကာကွယ် ဆေးထိုးခြင်း | ၁၀ | တိရစ္ဆာန်နှင့်ပတ်သတ်သည့်အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ကာကွယ်ဆေးထိုးပေးခြင်းများကိုသက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| **စီမံအုပ်ချုပ်မှု** | ၁၁။ အမျိုးသမီးအဖွဲ့ဖွဲ့စည်း၍ စွမ်းဆောင်ရည်မြင့်တင်ရေး | ၁၁ | ကျေးရွာလူမှုရေးလုပ်ငန်းများတွင်အမျိုးသမီးများပါဝင်လာအောင် စည်းရုံးပြောဆိုခြင်း၊ စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ နှင့်ပူးပေါင်းဆောင်ရွက် |

| | | | |
|---|---|---|---|
| | | | သွားမည် ဖြစ်ပါသည်။ |
| **ကျန်းမာရေး** | ၁၂။ တုတ်ကွေးရောဂါအတွက်ကာကွယ်ဆေးထိုးပေးခြင်း | ၁၂ | ရောဂါအဖြစ်များသောကာလတွင်ထိရောက်သောကျန်းမာရေးကုသမှုများ၊အသိပညာပေးဟောပြောပွဲများကိုကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| **ကျန်းမာရေး** | ၁၃။ သွေးတိုး၊ဆီးချို ရောဂါအတွက် အသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်း | ၁၃ | ကျေးရွာနေပြည်သူများအား သွေးတိုး၊ဆီးချိုဖြစ်ပွားမှုလျော့ကျစေရန် ဆီနှင့်အချိုမှုန်းများအားကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးနေထိုင်နိုင်ရန်အတွက်ကျန်းမာရေးဌာနနှင့်ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲများအား ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| **စီမံချက်** | **အဆင့်** | **၂၀၁၇** | **၂၀၁၈** | **၂၀၁၉** | **၂၀၂၀** | **၂၀၂၁** |
|---|---|---|---|---|---|---|
| ၁။ စာသင်ကျောင်းအကျယ်အဝန်းအားအုတ်တံတိုင်းခတ်ခြင်း | ၁ | - | | | | |
| ၂။ လမ်း၊တံတားများအား အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း | ၂ | | - | - | - | |
| ၃။ စိုက်ပျိုးရေ ရရှိအောင်ဆောင်ရွက်ခြင်း | ၃ | | | - | | |
| ၄။ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း | ၄ | | | | - | |
| ၅။ ကျေးရွာဖွံ့ဖြိုးရေးအဆောက်အဦးတည်ဆောက်ခြင်း | ၅ | | | | | - |
| ၆။ အသိအမြင်များတိုးတက်လာစေရန် စာပေဟောပြောပွဲများကျင်းပပေးခြင်း | ၆ | | - | | | |
| ၇။ ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးနိုင်ရန် နည်းပညာများဖော်ဆောင်ပေးခြင်း | ၇ | | - | | | |
| ၈။ စာသင်ကျောင်းအဆောက်အဦးများ တိုးချဲ့တည်ဆောက်ခြင်း | ၈ | | | - | | |
| ၉။ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၉ | | - | - | - | - |
| ၁၀။ တိရစ္ဆာန်များမွေးမြူရန် နည်းပညာများပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း | | | - | - | - | - |
| ၁၁။ အမျိုးသမီးအဖွဲ့ဖွဲ့စည်း၍ စွမ်းဆောင်ရည် မြင့်တင်ရေး | | | - | - | - | - |
| ၁၂။ တုတ်ကွေးရောဂါအတွက်ကာကွယ်ဆေးထိုးပေးခြင်း | | | - | - | - | - |
| ၁၃။ သွေးတိုး၊ဆီးချို ရောဂါအတွက် အသိပညာ ပေးဟောပြောပွဲများကျင်းပပေးခြင်း | | | - | - | - | - |

**၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)ဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်

ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ–လုပ်အားခ၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | |
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| ၁ | စာသင်ကျောင်းအကျယ်အဝန်းအားအုတ်တံတိုင်း ခတ်ခြင်း | ၁၀၀ | | - | | |
| ၂ | လမ်း၊တံတားများအားအသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း | ၁၀၀ | | - | | |
| ၃ | စိုက်ပျိုးရေ ရရှိအောင်ဆောင်ရွက်ခြင်း | ၁၀၀ | | - | | |
| ၄ | လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း | ၁၀၀ | | - | | |
| ၅ | ကျေးရွာဖွံ့ဖြိုးရေးအဆောက်အဦးတည်ဆောက်ခြင်း | ၁၀၀ | | - | | |
| ၆ | အသိအမြင်များတိုးတက်လာစေရန် စာပေဟောပြောပွဲများကျင်းပပေးခြင်း | | | | - | |
| ၇ | ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးနိုင်ရန် နည်းပညာများဖော်ဆောင်ပေးခြင်း | | | | | - |
| ၈ | စာသင်ကျောင်းအဆောက်အဦးများ တိုးချဲ့တည်ဆောက်ခြင်း | ၁၀၀ | | - | | |
| ၉ | အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အတွက်အသက်မွေးဝမ်းကျောင်းသင်တန်း များ ဖွင့်လှစ် ပေးခြင်း | | | | - | |
| ၁၀ | တိရစ္ဆာန်များမွေးမြူရန်နည်းပညာများ ပေးခြင်း၊ကာကွယ်ဆေးထိုးခြင်း | | | | | - |
| ၁၁ | အမျိုးသမီးအဖွဲ့ဖွဲ့စည်း၍ စွမ်းဆောင်ရည် မြှင့်တင်ရေး | | | | - | |
| ၁၂ | ၁၂။ တုတ်ကွေးရောဂါအတွက်ကာကွယ် | | | | | - |

ဆေးထိုးပေးခြင်း

၁၃ ၁၃။ သွေးတိုး၊ဆီးချို ရောဂါအတွက် အသိပညာ - ပေးဟောပြောပွဲများကျင်းပပေးခြင်း

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ် များနှင့်ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများထည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress)တို့ကို စနစ်ကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါသည်။(၃)လပတ် ကုန်ဆုံးချိန်တွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ (၁)**

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) သစ်တော်ပေါက်(မ)ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% | ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ် အောက် | ၁၂ | ၁၁ | ၂၃ | ၁.၃% | နို့စို့အရွယ် |
| ၁ နှစ်မှ ၄ နှစ် အထိ | ၄၉ | ၅၁ | ၁၀၀ | ၅.၄% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉ နှစ် အထိ | ၆၁ | ၅၈ | ၁၁၉ | ၆.၄% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | ၅၇ | ၇၈ | ၁၃၅ | ၇.၃% | အလယ်တန်းကျောင်းသားအရွယ် |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | ၆၇၃ | ၆၇၉ | ၁၃၅၂ | ၇၄% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၅ နှစ်အထက် | ၃၉ | ၆၅ | ၁၀၄ | ၅.၆% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၈၉၁** | **၉၄၂** | **၁၈၃၃** | **၁၀၀.၀%** | |

**အိမ်ထောင်စုပေါင်း= ၄၀၂** **တစ်အိမ်ထောင်လူဦးရေ=၄.၅**

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၇ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇နှစ်)

### (၁.၂) လုပ်သားအင်အား

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းကဏ္ဍများ | အဓိကအလုပ်အကိုင် | | တွဲဖက်အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | **စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး)** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၃၄၂ | ၈၅% | | မိုးကောင်းဒေသဖြစ်သောကြောင့် မိုးရာသီမှသာ စပါးနှင့် မြေပဲ ကိုသာ အဓိကထားစိုက်ပျိုးကြသည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | ၃၂ | ၈% | | စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားဖြင့် ပါဝင်ဆောင်ရွက်ကြပြီး စိုက်ပျိုးရိတ်သိမ်းကာလ အလွန်တွင် ကျပန်းအလုပ်များမှ ဝင်ငွေရှာဖွေကြသည်။ |
| | • မိသားစုဝင်လုပ်အား | - | - | - | မိသားစုဝင်အချို့သည် လယ်ယာလုပ်ငန်းခွင်များတွင် တတ်နိုင်သည့်ဘက်မှ |

| | | | | | |
|---|---|---|---|---|---|
| | | | | | ပါဝင်ကူညီဆောင်ရွက်ကြပြီး ဤ အချက်အလက်နဲ့ ပတ်သက်ပြီး ကိန်းဂဏာန်း အချက်အလက်စာရင်း ကောက်ယူခြင်း မပြုခဲ့ပါ။ |
| ၂ | **တိရိစ္ဆာန်မွေးမြူရေး** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၃၁၉ | ၇၉% | | ကျေးရွာရှိ မိသားစုအများစုမှာ စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းကိုပါ မိသားစုဝင်ငွေလုပ်ငန်း တစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပြီး ဝက်နှင့်ကြက်များကိုသာ အဓိကထား မွေးမြူကြသည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | - | - | - | |
| | • မိသားစုဝင်လုပ်အား | - | - | - | |
| ၃ | **ငါးဖမ်းလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၂ | ၀.၅% | | ဆန်စက်နှင့်ဆီစက် လုပ်ငန်းဖြစ်ပြီး စပါးနှင့်မြေပဲမှာ ဒေသထွက်ကုန်ဖြစ်သောကြောင့် အလွယ်တကူရရှိနိုင်သည်။ ဆန်စက်နှင့် ဆီစက်များတွင်လည်း အလုပ်သမားအချို့ ဝင်ရောက်လုပ်ကိုင်လျက် ရှိကြပါသည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၆ | **လျှပ်စစ်၊သဘာဝဓါတ်ငွေ့နှင့် ရေဖြန့်ဝေရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |

| | | | | |
|---|---|---|---|---|
| ၇ | ဆောက်လုပ်ရေးလုပ်ငန်း | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၁၀% | လက်သမား(၁၃)ဦး၊ပန်းရံ(၂၇)ဦး ရှိပြီး ရွာတွင်းတွင် အဓိကအလုပ်လုပ်ကိုင်ကြသော်လည်း တစ်ခါတစ်ရံ ရွာပြင်ပသို့လည်း သွားရောက်လုပ်ကိုင်ဆောင်ရွက်ကြ ရပါသည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၈ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁% | စက်ချုပ်(၂)ဦး၊ ဆံပင်ညှပ်(အလှပြင်)(၁)ဦး ရှိသော်လည်း ကျေးရွာသည် မြို့နှင့် အနည်းငယ်နီးသောကြောင့် အထည်အပ်သူ နည်းပါးသည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၀ | လက်လီ-လက်ကားရောင်းဝယ်ရေး | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၆ | ၁.၅% | လက်လီဆိုင်များသာရှိပြီး ၎င်းဆိုင်များတွင် ကုန်မျိုးစုံ၊ စားကုန်၊ကွမ်းယာ၊ အကြော်ဆိုင်များ ပါဝင်သည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၁ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၂ | ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၆ | ၁.၅% | ကျေးရွာရှိ မိသားစုအချို့သည် ကိုယ်ပိုင်ကားများဖြင့်ကျေးရွာထွက် ကုန်ဖြစ်သော ဆန်၊ စပါး၊ မြေပဲ များကို |

| | | | | |
|---|---|---|---|---|
| | | | | မြို့များသို့ ပို့ဆောင်ပြီး ကျေးရွာအတွက် လိုအပ်ချက်ဖြစ်သော အခြားကုန်စည်များကို ရွာသို့ သယ်ယူကာကူးသန်းရောင်းဝယ်ကြ သည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | ၁ | ၀.၂၅% | ၎င်းလုပ်ငန်းနှင့်ပတ်သက်သည့် အလုပ်သမားများလည်း ရှိသည်။ |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၃ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၇၀ | ၁၇.၄၂% | ကျေးရွာပိုင် ငွေစုငွေချေးအသင်းကို အသင်းသား(၇၀)ဦးနှင့် ဖွဲ့စည်းထားပြီး ကျေးရွာပိုင် ငွေချေးလုပ်ငန်းဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသာ ချေးငွေရနိုင်သည်။ အခြားတစ်ဦးတည်းပိုင် ချေးငွေဝန်ဆောင်မှုလုပ်ငန်း အချို့လည်းရှိသည်။ |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၄ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၆ | ပညာရေး | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | ၇ | ၁.၈% | ကျောင်းဆရာ/ဆရာမ (၇)ဦး |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၇ | ကျန်းမာရေး | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား | ၃ | ၀.၇% | စစ်ဆေး(၁)ဦး၊ ကျန်းမာရေး(သူနာပြု)(၂)ဦး |
| | • မိသားစုဝင်လုပ်အား | | | |

| | | | | |
|---|---|---|---|---|
| ၁၈ | **လူမှုရေးလုပ်ငန်းများ** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၉ | **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | ၂၈၃ | ၇၀.၅% | မိမိရပ်ရွာမှ ထွက်ခွာပြီး ပြည်ပအပါအဝင် တစ်နယ်တစ်ကျေးသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ |
| | • မိသားစုဝင်လုပ်အား | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ကျပန်း၊ရာသီ အလိုက်အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| | **စုစုပေါင်း** | | | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း

အချက်အလက်များ( ၃၀ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ နှစ်)

### (၁.၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | - | ၅၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | ၃၀၀၀ | - | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | ၂၀၀၀ | - | ၁၅၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

အချက်အလက်များ( ၂၉ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ နှစ်)

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လယ်ယာစိုက်ပျိုးရေးတွင်ဖွံ့ဖြိုးမှုနည်းပါးပြီး လုပ်သားအင်အားနှင့်မျှတမှုမရှိခြင်း ကြောင့် လုပ်အားခဈေးနှုန်းမှာ အမျိုးသားအများဆုံး(၅၀၀၀)ကျပ်နှင့်အမျိုးသမီး(၄၀၀၀)ကျပ် သတ်မှတ်၍ အမျိုးသားအနည်းဆုံး(၄၀၀၀)ကျပ်နှင့် အမျိုးသမီး(၄၀၀၀)ကျပ် သတ်မှတ်ထားရှိသည်ကို တွေ့ရှိရပါသည်။ ပန်းရံလက်သမားလုပ်ငန်းတွင် အမျိုးသား(သန်လျက်ကိုင်)များအတွက်(၈၀၀၀)ကျပ်နှင့် အမျိုးသားလုပ်သားအနေဖြင့် (၅၀၀၀)ကျပ်ပေးရပြီး၎င်းလုပ်ငန်းအတွက် အမျိုးသမီးများပါဝင်လုပ်ဆောင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။လက်လီလက်ကားရောင်းဝယ်ရေးအနေဖြင့် အမျိုးသမီးအများစုသာ လုပ်ကိုင်ခြင်းကြောင့် အများဆုံး(၃၀၀၀)အနည်းဆုံး(၂၀၀၀)ကျပ်နှင့် ကျွမ်းကျင်ပညာရှင်အနေဖြင့် ဆံပင်၊အလှပြင်၊အပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူများမှာ အမျိုးသမီးများဖြစ်သောကြောင့် အများဆုံး(၂၀၀၀)ကျပ်၊အနည်းဆုံး(၁၅၀၀)ကျပ်သာရရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၄) စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၄.၁) ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ(မြေအသုံးချမှု)

ဇယား(၄) သစ်တော်ပေါက်(မ)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ်(ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၈၈၅ | ညံ့ | မရပါ | မရှိပါ |
| ယာမြေ / တောင်ယာမြေ | ၄၂၃ | သင့် | မရပါ | မရှိပါ |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်းစိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | ၁၇၂.၅ | - | - | - |
| ပလပ်မြေ | ၅.၅ | - | - | - |
| သစ်တောမြေ | - | - | - | - |
| မြေလွတ် မြေလပ် | - | - | - | - |
| စုစုပေါင်း | ၁၆၂၁.၁ | | | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၉ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ နှစ်)

(၁.၄.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)** |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | - | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ)စသည် | - | |
| အခြားသဘာဝအရင်းအမြစ် | - | |
| တိရိစ္ဆာန်မျိုးစိတ်များ | - | |
| အပင်အမျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင် အပင်များ) | ထိကရုန်း၊မြင်းခွာရွက် | လွယ် |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၂၉ရက်၊ဒီဇင်ဘာလ၊၂၀၁၇နှစ်)

**(၁.၅) ဥစ္စာဓနအဆင့်အနေအထား**

ဇယား(၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ ဧကနှင့်အထက် | ၅ ဧကနှင့် ၃ ဧကကြား | ၁ဧကနှင့် ၃ဧကကြား | - |
| အိမ်အခြေအနေ | နံကပ်၊သွပ်မိုး၊နှစ်ထပ်အိမ်၊တမံ သလင်းခင်း | သွပ်မိုး၊ဝါးထရံကာ | သက်ကယ်မိုး၊ ဝါးထရံကာ | - |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ခြွေလှေ့စက်၊နွား လှည်း၊ဆိုင်ကယ် | နွားလှည်း၊ဆိုင်ကယ် | ဆိုင်ကယ်၊ စက်ဘီး | - |
| အဓိကစီးပွားရေးလုပ်ငန်း၊ တစ်နှစ်ဝင်ငွေ | စိုက်ပျိုးရေး(စပါး၊ မြေပဲ)၊မွေးမြူရေး | စိုက်ပျိုးရေး(စပါး၊ မြေပဲ)၊ မွေးမြူရေး | စိုက်ပျိုးရေး (စပါး၊မြေပဲ)၊ ပန်းရံ၊ လက်သမား | - |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ဆန်စက်၊ဆီစက် | - | - | - |
| အခြားပိုင်ဆိုင်မှု | ထရပ်ကား၊ကားဆို လာ၊ဖုန်း၊တီဗွီ၊ မော်တော် ဆိုင်ကယ် | ဖုန်း၊ဆိုလာ၊အပ်ချုပ် စက်၊မော်တော် ဆိုင်ကယ်၊တီဗွီ | - | - |
| **စုစုပေါင်း (၄၀၂)** | **၁၃၉ ၃၄.၆%** | **၁၇၁ ၄၂.၅%** | **၉၂ ၂၂.၉%** | - |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၂၉ရက်၊ဒီဇင်ဘာလ၊၂၀၁၇နှစ်)

**(၁.၆) ထိခိုက်လွယ်မှု**

**(၁.၆.၁) ဝမ်းစာဖူလုံမှု**

ဝမ်းစာဖူလုံမှုအား ကျေးရွာရှိ ဥစ္စာဓနအဆင့်(၃)အိမ်ထောင်စုပေါင်း၏(၃၀)ရာ ခိုင်နှုန်းကို စစ်တမ်းကောက်ယူရာတွင်အထက်ပါအချက်အလက်များနှင့်ကိုက်ညီသူမရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် စပါးစိုက်ပျိုးသောဒေသဖြစ်ခြင်း၊ အဓိကအစားအစာဖြစ်သော ဆန်ရရှိခြင်းကြောင့် အခြားအစားအစာ ပြောင်းလဲစားခြင်း၊ လျှော့စားခြင်း ၊အစားအစာအတွက် အထောက်အပံ့ယူခြင်း၊ ချေးယူခြင်း၊ လုပ်အားခကြို

ယူပြီးသုံးစွဲရန်မလိုအပ်ပါ။ ဥစ္စာခနေအဆင့်(၃)ရှိသူများမှာ နေ့စဉ်ဝင်ငွေရလုပ်ငန်း ဖြစ်သောအကြော်ကြော်ခြင်း၊ ရောင်းဝယ်ခြင်း အစရှိသောလုပ်ငန်းများ ရှိခြင်းကြောင့်ဖြစ်ပါသည်။ ကျောင်းသူ/သားများရှိသော မိသားစုများတွင်သာ အနည်းငယ်ခက်ခဲခြင်း၊ တောင်သူအများစသာ စိုက်ဘဏ်မှချေးယူခြင်းများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| ကာလ | အိမ်ထောင်စု အရေအတွက် | % | ဖြေရှင်းကျော်လွှားပုံ |
|---|---|---|---|
| ၃ လအောက် | - | | - |
| ၃ လမှ ၆လ | - | | - |
| ၆ လမှ ၁၂ လ | - | | - |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၉ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇နှစ်)

**(၁.၆.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | | | |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | | | |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၂၃ | |
| အမျိုးသားမုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၃၀ | |
| ဆင်းရဲသောအိမ်ထောင်စု | အခြားဒေသသို့အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေသူ | | ၃၆ | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၉ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇နှစ်)

## (၁.၆.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - | - |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် | ဆည်ရေသောက် မဟုတ်သည့်အတွက် မိုးကိုသာအားထားစိုက်ပျိုးရသည့်အတွက် စိုက်ပျိုးရေ မလုံလောက်မှုရှိသည်။ |
| ၃ | ရေကြီးခြင်း | - | - |
| ၄ | မိုးခေါင်ခြင်း | မြင့် | သစ်တောများပြုန်းတီးခြင်း၊ သဘာဝ ပတ်ဝန်းကျင်ပူနွေးလာမှုကြောင့် မိုးခေါင် ခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ |
| ၅ | အအေးလွန်ကဲခြင်း | လတ် | သစ်တောများပြုန်းတီးခြင်း၊ သဘာဝ ပတ်ဝန်းကျင် ပူနွေးလာမှုကြောင့် ရာသီဥတုမမှန်ခြင်း၊အအေးလွန်ကဲခြင်း၊အပူလွန်ကဲခြင်းများ ဖြစ်ပေါ်တတ်သည်။ |
| ၆ | မုန်တိုင်း | - | - |
| ၇ | လျှော | - | - |
| ၈ | မီးဘေး | - | - |
| ၉ | ဆားငန်ရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | - | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | လွန်ခဲ့သောနှစ်(၂၀) ပတ်ဝန်းကျင်က ကျေးရွာပတ်ပတ်လည်တွင် သစ်တော များရှိခဲ့သောလည်း ယခုအခါတွင် လူဦးရေတိုးလာခြင်း၊ လယ်မြေများတိုး ချဲ့ခြင်း၊ လောင်စာလိုအပ်မှုများကြောင့် ကျေးရွာအနီးရှိ သစ်တောများမှာ ပြုန်းတီး ရခြင်းဖြစ်သည်။ |
| ၁၂ | ငှက်ဖျားရောဂါ | - | - |
| ၁၃ | တီဘီရောဂါ | - | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | အပူအအေးမမျှတသော ရာသီကူးပြောင်း |

| | | | |
|---|---|---|---|
| | | | ကာလများတွင်ဖြစ်တတ်သော ဝက်တုတ်ကွေးရောဂါများ၊ နွားများတွင် ဖြစ်တတ်သောဆီးချုပ်၊ ဝမ်းချုပ်ရောဂါများ တွေ့ရတတ်သည်။ |
| ၁၇ | လူကုန်ကူးခြင်း | - | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည် | လတ် | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၉ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇နှစ်)

## (၁.၆.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | လူငယ်လူရွယ်များသည် နေရပ်မှထွက်ခွာပြီး တစ်နယ်တစ်ကျေးသို့ သွားရောက်လုပ်ကိုင်ကြသော်လည်း ထိခိုက်ခံရမှု နိမ့်ကျသည်ကို တွေ့ရှိရပါသည်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | ပစ္စည်းဥစ္စာအားဖြင့် ဆင်းရဲကြသော်လည်း ပုံမှန်ဝင်ငွေရှိခြင်းကြောင့် ထိခိုက်လွယ်သော အခြေအနေမှာ နိမ့်ကျသည်ကို တွေ့ရှိရပါသည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | မြေယာမဲ့ဆင်းရဲသားများရှိသော်လည်း ၎င်းတို့သည် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်စားသောက်နိုင်သောကြောင့် ထိခိုက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု / ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | - | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ **(Prone to accident)** တွင် နေထိုင်သူများ | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ **(IDP)** | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင်များ | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | နိမ့် | စိုက်ပျိုးချိန်တွင် လုပ်ငန်းများလုပ်ကိုင်စားသောက် |

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု | မှတ်ချက် |
|---|---|---|---|
| | | | နိုင်ပြီး ကျန်အချိန်များတွင် လက်သမား၊ ပန်းရံနှင့် အခြားဒေသများ သို့သွားရောက်ကာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သားများ | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | **လတ်** | ဆည်ရေသောက်ဒေသမဟုတ်ခြင်း စိုက်ပျိုးထုတ်လုပ် မှုမှာ နှစ်သီးစားမဟုတ်သောကြောင့် မိသားစု စီးပွားရေးအဆင်ပြေစေရန် အခြားဒေသများသို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ဆောင်ရွက်ကြ သော် လည်းလူကြီးမိဘများ အသိနှင့်သွားရောက် လုပ်ကိုင် ကြခြင်းကြောင့်ထိခိုက်မှုအနေဖြင့် အလယ်အလတ် ရှိသည်ကို တွေ့ရပါသည်။ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | - | - |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (　　ရက်၊　　လ၊　　နှစ်)

### (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာလူမှုရေးကိစ္စများ၊ သဘာဝဘေးအန္တရာယ်များတွင် အလွယ်တကူဖြေရှင်းမည့် လူငယ်အဖွဲ့အစည်းဖွဲ့စည်းထားရှိခြင်း၊ ကျေးရွာငွေစုငွေချေးအသင်းမှ လည်ပတ်ရန်ပုံငွေရှိခြင်း၊ကလေးများဘာသာရေးနှင့် ယဉ်ကျေးမှုရှိစေရန် ဓမ္မစကူးသင်တန်းကျောင်းအား အပတ်စဉ်ဖွင့်လှစ်ခြင်း ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်

ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုပါသည်။ ကျေးရွာ၏လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသော မူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | သုခိတာကျန်းမာရေးနှင့်လူမှုကူညီရေးအသင်း | ၂ | ၇၀ | ၃၀ | ၁၀၀ | ငွေကြေး၊ကျန်းမာရေး၊ဘာသာရေး၊သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး | ၄ | ၆ |
| ၂ | ကျေးရွာငွေစုငွေချေးအသင်း | ၁ | | | | ငွေကြေး | ၄ | ၇ |
| ၃ | ရွာရင်းကျောင်းဓမ္မစကူးအသင်း | ၃ | | | | ဘာသာရေး | ၄ | ၆ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ရက်၊ လ၊ နှစ်)

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့(အားနည်း)

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ**

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | - | | |
| ၂ | - | | |
| ၃ | - | | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ရက်၊ လ၊ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၂) စီးပွားရေးနှင့် အသက်မွေးဝမ်းမှုအခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) သစ်တော်ပေါက်(မ)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၃ | **၁၃.၂%** | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၆၁ | **၁၅.၁%** | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၁၃၅ | **၃၃.၅%** | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၅၂ | **၃၈%** | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | ၁ | **၀.၂%** | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၄၀၂** | **၁၀၀%** | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ရက်၊ လ၊ နှစ်)

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၄) သစ်တော်ပေါက်(မ)ကျေးရွာ၏ ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ရေသွင်းမြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင် ရေတွင်း | - | - | - |
| ၇ | စိမ့်စမ်းရေ | - | - | - |
| ၈ | ချောင်းရေ | - | - | - |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ရက်၊ လ၊ နှစ်)

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ် /မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်း ဆုံး | အများ ဆုံး | ပျှမ်းမျှ | | | | |
| စပါး | ၈၈၅ | တင်း | ၅၀ | ၈၅ | ၈၀ | ဇွန်လဆန်း- နိုဝင်ဘာလကုန် ထိ | မြင့် | လတ် | |
| မြေပဲ | ၄၂၃ | တင်း | ၂၀ | ၄၂ | ၄၀ | ဧပြီလဆန်း- စက်တင်ဘာလ ကုန်ထိ | မြင့် | လတ် | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ရက်၊ လ၊ နှစ်)

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား(၁၆) သစ်တော်ပေါက်(မ)ကျေးရွာ၏ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၁ | - | တစ်နာရီလျှင် မြေဆီလွှာ ထွန်ယှက်မှုအတွက် ၃၀၀၀၀ကျပ် ပေးပြီး ငှားရမ်းနိုင်သည်။ |
| လက်တွန်းထွန်စက် | - | - | |
| အစေ့ချ ကိရိယာ | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | |
| ရိတ်သိမ်းစက် | - | - | |
| ခြွေလှေ့စက် | ၁၇ | - | စပါးတစ်တင်းလျှင် ၉၀၀ကျပ် နှင့်မြေပဲ(၁၀)တင်း ခြွေလျှင် (၁)တင်း ပြန်လည်ပေးရသည်။ |
| ရေစုပ်စက် | ၇ | - | |
| ခြေနင်းရေတင်စက် | ၁ | - | |
| မြက်ရိတ်စက် | - | - | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ရက်၊ လ၊ နှစ်)

### (၂.၂.၁.၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | မရှိ | လယ်ယာမြေများ တိုးချဲ့စိုက်ပျိုးရန် အဆင်မပြေခြင်း။ |
| စိုက်ပျိုးရေ အရင်းအမြစ် | မရှိ | - |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ရှိ | လယ်ယာစိုက်ပျိုးနှင့်ပတ်သက်သည့်ချေးငွေကို ကျေးရွာရှိ ငွေစုငွေချေးအသင်းမှ ချေးငွေရယူနိုင်သည်။ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု<br>သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ<br>ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ရှိ | တန့်ဆည်မြို့များရှိ ဆိုင်များနှင့် နီးစပ်ရာ အရောင်းဆိုင်များတွင် စိုက်ပျိုးရေး သွင်းအားစုများကို ဝယ်ယူ၍ ရနိုင်ပါသည်။ |
| လုပ်သားရရှိနိုင်မှု | ရှိ | မိမိတို့ကျေးရွာရှိ လူဦးရေပေါ်မူတည်၍ လုပ်သားအင်အားကို အလွယ်တကူ ရရှိနိုင်ပါသည်။ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | - | - |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | တောင်သူများသည် လယ်ယာထွက်ကုန်များကို တန့်ဆည်မြို့နှင့် ကျေးရွာသို့ပွဲစား ဝင်ရောက်ခြင်းအားဖြင့် သီးနှံများကိုရောင်းချနိုင်သည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၉ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ နှစ်)

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| လယ်ယာမြေ အသုံးချနိုင်မှု | ရှိ | သဲဆန်သောမြေများ ဖြစ်ခြင်းကြောင့် စိုက်ပျိုးရန် အဆင်မပြေခြင်း။ |
| စိုက်ပျိုးရေ အရင်းအမြစ် | ရှိ | ဆည်ရေသောက်မဟုတ်၍ စိုက်ပျိုးရေ ခက်ခဲခြင်း။ |

| | | |
|---|---|---|
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | သက်သာသောအတိုးနှုန်းဖြင့် ချေးငွေလိုသလောက်မရနိုင်ပါ။ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု<br>သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ<br>ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ရှိ | သွင်းအားစုများကို ကျေးရွာတွင်းတွင် လိုအပ်သောအချိန်၌ အလွယ်တကူမရနိုင်ပါ။ |
| လုပ်သားရရှိနိုင်မှု | မရှိ | လုပ်သားအနေဖြင့် မရှားပါးသော်လည်း လုပ်ငန်းကြပ်တည်းချိန်များတွင် လုပ်အားခ အားတိုးမြင့်၍ပေးကာ ငှားရတတ်သည်။ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုမ ျား | ရှိ | စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှာ မရရှိပါ။ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | သီးနှံရောင်းချချိန်တွင် ဈေးကွက်ရှိသော်လည်း မှန်ကန်သည့်ဈေးနှုန်းဖြင့် မရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ရှိ | ရောဂါဖျက်ပိုးများအနေဖြင့် သီးနှံစိုက်ပျိုးချိန်များတွင် အသင့်အတင့်ကျရောက်တတ်သည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၂၉ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ နှစ်)

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၀၄ | ကျေးရွာတွင် နွားများကို လယ်/ယာများတွင်လည်းကောင်း၊ မိသားစုဝင်ငွေအဖြစ် လည်းကောင်း မွေးမြူကြသည်။ |
| နို့စားနွား | | |
| ကျွဲ | ၁ | စိုက်ပျိုးရေးတွင် ခိုင်းရန်မွေးမြူထားသည်။ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |

| | | |
|---|---|---|
| ဝက် | ၂၄၉ | ကျေးရွာရှိ (၆၂%)သည် ဝက်များကို မိသားစုဝင်ငွေ တစ်ခုအဖြစ် တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ |
| ကြက် | ၂၀ | အိမ်ထောင်စု(၁၉)အိမ်(၄.၈%)သည် အိမ်မွေးကြက်များ ကိုသာမွေးမြူကြပြီး ကျန်တစ်အိမ်မှာ CPကြက်များကို မွေးမြူထားသည်။ |
| ဘဲ | | |
| နွားနောက် | ၁ | စိုက်ပျိုးရေးတွင် ခိုင်းရန်မွေးမြူထားသည်။ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၉ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ ခုနှစ်)

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ**

ဇယား(၂၀) သစ်တော်ပေါက်(မ)ကျေးရွာ၏ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်းများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| စားကျက်မြေ | ကျေးရွာတွင် တိရိစ္ဆာန်များမွေးမြူရန်အတွက် စားကျက်မြေများ ရှိသည်။ |
| ရေရရှိမှု | အိမ်တိုင်းတွင် အဝီစီတွင်းများတစ်အိမ်တစ်တွင်းရှိသောကြောင့် မွေးမြူရေးလုပ်ငန်းအတွက် အဆင်ပြေသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးတိရစ္ဆာန်များကို နီးစပ်ရာဒေသများတွင် ဝယ်ယူရရှိနိုင်သည်။ |
| ဈေးကွက် | မွေးမြူရေးအတွက် ဈေးငွေအလွယ်တကူမရနိုင်သော်လည်း တစ်နိုင်တစ်ပိုင်အနေဖြင့် မွေးမြူနိုင်ကြပြီး မြေနေရာအားဖြင့် လည်း လုံလောက်မှုရှိသည်။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများကို နီးစပ်ရာနေရာနှင့်ဆိုင်များတွင် ဝယ်၍ ရနိုင်ပါသည်။ |
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | ကျေးရွာသားများအတွက် မွေးမြူရေးအသိပညာပေးမှုများ မကြာခဏ ရရှိနိုင်ပါက မွေးမြူသူများအား အကျိုးပြုနိုင်ပါသည်။ယင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ ကျေးရွာသို့ မကြာခဏ လာရောက်အသိပညာပေးခြင်း၊ ကျေးရွာတွင် မွေးမြူရေးသင်တန်းသားများကို မွေးထုတ်ပေးခြင်း တို့ဖြင့် ဆောင်ရွက်ပေးနိုင်ပါသည်။ |

| | |
|---|---|
| ထုတ်ကုန် ရောင်းဝယ်မှု | ပွဲစား(စလေ)များရှိခြင်းကြောင့် ရောင်းချနိုင်ပါသည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု | မြေနေရာလုံလောက်မှုရှိခြင်း။ |
| ငါးလုပ်ငန်း | - |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | - |
| ငါး/ပုဇွန်သားပေါက် | - |
| လက်လှမ်းမီမှု | |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၉ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ နှစ်)

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | - |
| ရေရရှိမှု | - |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | - |
| ချေးငွေလက်လှမ်းမှီမှု | ဆင်းရဲသောအိမ်ထောင်စုများအတွက် မွေးမြူရေး လုပ်ရန် အရင်းအနှီးများကို သက်သာသော အတိုး နှုန်းဖြင့် အလွယ်တကူချေးယူရန် ရှားပါး သည်။ ဘဏ်များမှလည်းကျေးရွာအရောက် ဝန်ဆောင်မှု ပေးသည့် ချေးငွေစနစ်လည်း မရှိသေးပါ။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | - |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | - |
| ထုတ်ကုန် ရောင်းဝယ်မှု | ပွဲစားများရှိသော်လည်း ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | - |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |

| | |
|---|---|
| နည်းပညာ အကူ အညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၉ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၇ နှစ်)

## (၂.၂.၃) စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) ကျေးရွာ၏ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား(၂၂) ကျေးရွာ၏ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု(နိမ့်၊လတ်၊ မြင့်) နှင့်ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | – | | | – |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၂ | | | ဆန်စက်နှင့် ဆီစက်လုပ်ငန်းဖြစ်ကာ စပါးနှင့်မြေပဲ ထွက်သော ဒေသဖြစ်၍ လုပ်ငန်းလည် ပတ်မှုကောင်းကာ မိသားစု ရပ်တည်နိုင်မှု မြင့်သည်။ |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | – | | | – |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၄၀ | | | လက်သမား၊ပန်းရံအလုပ် ဖြစ်ပြီး ဆောက်လုပ်ရေး လုပ်ငန်းများ အသင့်အတင့် များပြားလာကာ မိသားစု ရပ်တည်နိုင်မှု နိမ့်မှအလယ် အလတ်ကြားတွင် ရှိကြသည်။ |
| ၅ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံ အိမ်သုံးပစ္စည်းများပြင်ဆင် ရေး | – | | | – |
